FISHERS RIGHTS NETWORK



# ITF-FRN ထိုင်းတစ်နိုင်ငံလုံးဆိုင်ရာ တံငါသည် အခြေအနေ စစ်တမ်းရလဒ်များ

**2024 ခုနှစ်၊ ဇန်နဝါရီလ**

# ITF-FRN ထိုင်းတစ်နိုင်ငံလုံးဆိုင်ရာ တံငါသည် အခြေအနေ စစ်တမ်းသည်  အဓမ္မ လုပ်အားစေခိုင်းမှု၊ ပြင်းထန်စွာ ခေါင်းပုံဖြတ်မှု၊ ILO သဘောတူညီချက် 188 အား ညံ့ဖျင်းစွာ ကြပ်မတ်မှုတို့ကို တွေ့ရှိခဲ့သည်

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများ အဖွဲ့ချုပ်၏ တံငါသည်များ၏ အခွင့်အရေးများဆိုင်ရာ ကွန်ရက် (ITF-FRN) က ပြုလုပ်ခဲ့သော 2023 ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းတံငါသည် တစ်ထောင် (1,000) ကျော်ပါဝင်သည့် နိုင်ငံလုံးဆိုင်ရာ အလုံးစုံစစ်တမ်းတစ်ခုတွင် ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ အလုပ်လုပ်ကိုင်မှု အခြေအနေများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာ တွေ့ရှိချက်များကို အသေးစိတ်ဖော်ပြထားပါသည်။ စစ်တမ်းရလဒ်များသည် တံငါသည်များအနေဖြင့် ထိုင်းအလုပ်သမားဥပဒေနှင့်အညီ အချိန်မီ လုပ်ခလစာရရှိမှု ရှားပါးသော၊ အထောက်အထားပြ စာရွက်စာတမ်းများကို အလုပ်ရှင်များက ရယူထိန်းသိမ်းထားသော၊ တံငါသည်အများစုသည် ထိုင်းနိုင်ငံသို့ များပြားသည့် ကြွေးမြီအနှောင်အဖွဲ့ဖြင့် ရောက်ရှိသော၊ ၎င်းတို့အလုပ်စာချုပ်၏ မိတ္တူကို မရှိသောနှင့် အလုပ်သမား အလွဲသုံးစားလုပ်မှု သို့မဟုတ် ကျန်းမာရေးနှင့် ဘေးကင်းရေး ချိုးဖောက်မှုများကို တိုင်ကြားခြင်းကြောင့် ပြင်းထန်သော လက်စားချေမှုများနှင့် ရင်ဆိုင်ရသော လုပ်ငန်းနယ်ပယ်တစ်ခုကို ထုတ်ဖော်ပြသခဲ့ပါသည်။

**ထိုင်းနိုင်ငံသည် ILO သဘောတူညီချက် 188 (ငါးဖမ်းလုပ်ငန်း) ကို လွန်ခဲ့သည့် လေး (4) နှစ်က တရားဝင်ပြဋ္ဌာန်းခဲ့၍ တံငါသည်များ၏ အခွင့်အရေးကို ကာကွယ်ပေးသင့်သည့် မူဝါဒများ ချမှတ်ခဲ့သော်လည်း လုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် ခေါင်းပုံဖြတ်ခံရမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်လျက်ရှိပါသည်။** ထိရောက်မှုမရှိသော စစ်ဆေးရေးနှင့် C188 အား ကြပ်မတ်မှုသည် သင်္ဘောများပေါ် ရှိ ကျန်းမာရေးနှင့် ဘေးကင်းရေး အခြေအနေများကို ဆိုးရွားလာစေခြင်း၊ ပင်လယ်ပြင်တွင် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများ တိုးမြင့်လာစေခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပြီး ဥပဒေကို ချိုးဖောက်သော သင်္ဘောပိုင်ရှင်များကို ပိတ်ဆို့အရေးယူရန် ဆိပ်ကမ်းအဝင်အထွက် (Port-In Port-Out, PIPO) ကြပ်မတ်ရေးအဖွဲ့များအပေါ် မယုံကြည်နိုင်ဟူသော ထင်မြင်ချက်ကို ပိုမိုတွင်ကျယ်လာစေခဲ့ပါသည်။

**PIPO စနစ်အား ညံ့ဖျင်းစွာ စီမံအုပ်ချုပ်ပြီး စစ်ဆေးရေး အချက်အလက်များသည် အလွန့်အလွန် မတိကျသောကြောင့် သင်္ဘောများအနေဖြင့် ထိုင်းဥပဒေ သို့မဟုတ် C188 ကို ချိုးဖောက်ခြင်းမရှိဟူသော ထင်မြင်ချက်အမှားကို ဖန်တီးပေးပါသည်။** သို့ရာတွင် အဆိုပါသင်္ဘောပေါ်၌ အလုပ်လုပ်နေသော တံငါသည်များသည် အများစုက သင်္ဘောပေါ်တွင် လုံလောက်သော ရေသန့်မရှိကြောင်း၊ အရေးအတွက် အပြည့်အဝ သိုလှောင်ထားသည့် လွယ်ကူစွာ ရယူနိုင်သော ရှေးဦးသူနာပြု ကိရိယာများ မရှိကြောင်းနှင့် လုံလောက်သော အနားယူချိန်မရှိဘဲ လွန်ကဲသည့် နာရီပေါင်းများစွာ အလုပ်လုပ်ရန် အတင်းအကျပ်စေခိုင်းခံရကြောင်း တိုင်ကြားလေသည်။ အန္တရာယ်များ၍ ကျန်းမာရေးနှင့်မညီညွတ်သော ဤလုပ်ငန်းခွင် အခြေအနေများသည် လူ့အခွင့်အရေးကို ချိုးဖောက်ရုံသာမက တည်ဆဲအလုပ်သမားဥပဒေကိုလည်း ချိုးဖောက်ကာ အဓမ္မလုပ်အားပေးခိုင်းစေမှု အခြေအနေများရှိကြောင်းကို ရှင်းလင်းစွာ ညွှန်ပြနေပေသည်။

**ထိုင်းနိုင်ငံရှိ တံငါသည်များ၏ 98% ကျော်သည် မြန်မာ သို့မဟုတ် ကမ္ဘောဒီးယားနိုင်ငံရှိ ကျေးလက်ဒေသမှ လာသည့် ပညာမတတ်သော ရွှေ့ပြောင်းလုပ်သားယောကျာ်းများဖြစ်ကြပြီး မကျေနပ်ချက် တိုင်ကြားစာတင်ရန် ကြိုးပမ်းသောအခါ ပြင်းထန်သော ခွဲခြားဆက်ဆံမှုနှင့် ခြိမ်းခြောက်မှုများအပြင် ပြင်းထန်စွာ ရိုက်နှက်ခြင်း၊ အသက်ခြိမ်းခြောက်ခြင်း၊ ချုပ်နှောင်ခြင်း၊ နိုင်ငံမှ နှင်ထုတ်ခြင်းနှင့် အမည်ပျက်စာရင်းသွင်းခြင်း အပါအဝင် ပြင်းထန်သော လက်စားချေမှုအန္တရာယ်များကို ရင်ဆိုင်ရသော လူတန်းစားများဖြစ်ပါသည်။** ထို့အပြင် လွတ်လပ်စွာ အသင်းဖွဲ့မှုနှင့် စုပေါင်းညှိနှိုင်းမှု (ILO သဘောတူညီချက် 87 နှင့် 98) ကဲ့သို့သော အရေးပါသည့် နိုင်ငံတကာ အသိအမှတ်ပြု အလုပ်သမား စံနှုန်းများကို ထိုင်းနိုင်ငံတွင် လိုက်နာဆောင်ရွက်ခြင်း မရှိသလို လွတ်လပ်စွာ သွားလာခွင့်အား ကန့်သတ်ထားမှုများကို တွင်ကျယ်စွာ လုပ်ဆောင်လျက်ရှိပြီး ရွှေ့ပြောင်းလုပ်သားများတွင် ၎င်းတို့၏ ကိုယ်ပိုင်သမဂ္ဂအား တရားဝင်ဖွဲ့စည်းခွင့် မရှိကြချေ။ ဤစစ်တမ်းတွေ့ရှိချက်များသည် တံငါသည်များရင်ဆိုင်နေရသော လက်ခံ၍မရလောက်အောင် လူမဆန်သည့် အဘက်ဘက်မှ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းပေးမည့် ကျယ်ပြန့်၍ ထိရောက်သော ကြားဝင်ဆောင်ရွက်မှုများကို အရေးတကြီးလိုအပ်နေကြောင်း ထင်ရှားစေပါသည်။

# စစ်တမ်း နည်းစနစ်

## ယူဆချက်များ

1. ထိုင်းနိုင်ငံသည် ILO သဘောတူညီချက် 188 (ငါးဖမ်းလုပ်ငန်း) ကို လွန်ခဲ့သည့် လေးနှစ်က တရားဝင်ပြဋ္ဌာန်းခဲ့၍ တံငါသည်များ၏ အခွင့်အရေးကို ကာကွယ်ပေးရန် မူဝါဒချမှတ်ခဲ့သော်လည်း ထိုင်းငါးဖမ်းသင်္ဘောများပေါ်တွင် တံငါသည်များသည် ခေါင်းပုံဖြတ်သည့် နေထိုင်မှုပုံစံနှင့် အလုပ်ခွင်အခြေအနေများကို ရင်ဆိုင်နေရဆဲဖြစ်သည်။
2. PIPO စနစ်အား ညံ့ဖျင်းစွာ စီမံအုပ်ချုပ်ပြီး စစ်ဆေးရေး အချက်အလက်များသည် အလွန့်အလွန် တိကျမှုမရှိချေ။
3. ထိုင်းနိုင်ငံရှိ တံငါသည်များ၏ 98% သည် မြန်မာ သို့မဟုတ် ကမ္ဘောဒီးယားနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ (ဗမာ သို့မဟုတ် ခမာလူမျိုးများ) ဖြစ်ကြပါသည်။

တံငါသည် **1087** ဦး



သင်္ဘော **300** ကျော်

ဆိပ်ကမ်း **15** ခု

စစ်တမ်းအား ထိုင်းနိုင်ငံရှိ ဆိပ်ကမ်း 15 ခုတွင် 2023 ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ 7 ပတ်ကျော်ကြာ ကောက်ယူခဲ့ပါသည်။

စစ်တမ်းများကို စီမံခန့်ခွဲသူများ၏ ထိန်းချုပ်မှုအောက်တွင် မရှိသော လုံခြုံ၍ သက်သောင့်သက်သာရှိသည့် ပတ်ဝန်းကျင်တစ်ခုတွင် FRN စီစဉ်သူများက လုပ်ဆောင်ပေးခဲ့ပါသည်။


စစ်တမ်းများကို တံငါသည်များ၏ မိခင်ဘာသာစကားဖြင့် ကောက်ယူခဲ့ပါသည်။

စစ်တမ်းများအား မေးခွန်း 16 ခု (အဖြေရွေးချယ်မှု၊ ဟုတ်/မဟုတ် ရွေးမှုနှင့် ကွက်လပ်ဖြည့်မေးခွန်း) ဖြင့် ဖွဲ့စည်းထားပါသည်။ ပျမ်းမျှစစ်တမ်း ကြာချိန်မှာ 5 မိနစ်မှ 10 မိနစ်ကြား ဖြစ်ပါသည်။

အဖြေများကို အွန်လိုင်းဖောင်ပုံစံမှတစ်ဆင့် ဒီဂျစ်တယ်နည်းအရ စုစည်းခဲ့ပါသည်။

# လူဦးရေစာရင်း


FISHERS' RIGHTS NETWORK




## လုပ်သက်

| | |
|---|---|
| 2 နှစ်အောက် | 13.6% |
| 2 - 5 နှစ်ကြား | 23.9% |
| 6-10 နှစ်ကြား | 34.1% |
| 11-15 နှစ်ကြား | 18.5% |
| 16-20 နှစ်ကြား | 7.0% |
| 21 နှစ်နှင့်အထက် | 2.9% |

## တည်နေရာအလိုက်






# စစ်တမ်းမှ အဓိက ရှာဖွေတွေ့ရှိမှုများ

**FRN တစ်နိုင်ငံလုံးဆိုင်ရာ တံငါသည် အခြေအနေများ စစ်တမ်းမှ ရှာဖွေတွေ့ရှိမှု၏ အံ့ဖွယ်ကောင်းသော ဤခြုံငုံသုံးသပ်မှုသည် ထိုင်းငါးဖမ်းလုပ်ငန်းနယ်ပယ်တစ်လျှောက်တွင် အကျယ်တဝန်း ဖြစ်ပွားနေသည့် ဆိုးရွားသော အခြေအနေများကို ပြသပေးပါသည်။ လူသားဆန်သော အခြေအနေများကို ရရှိစေရန် အာမခံပေးသည့် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် နိုင်ငံတကာ သဘောတူညီချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် သို့မဟုတ် ကြပ်မတ်ရန် ထိုင်းနိုင်ငံအနေဖြင့် ပျက်ကွက်နေကြောင်းကို ဤရလဒ်များအား ကြည့်လျှင် ရှင်းပါသည်။**

## 83.6 %

### စာရွက်စာတမ်း ထိန်းသိမ်းထားမှု

တံငါသည်များသည် ၎င်းတို့၏ အထောက်အထားပြ ကိုယ်ပိုင်စာရွက်စာတမ်းတစ်ခုကိုမျှ မပိုင်ဆိုင်ကြပါ။

## 87.0 %

### ကြွေးမြီအနှောင်အဖွဲ့

တံငါသည်များသည် စာရွက်စာတမ်း "အခကြေးငွေ" သို့မဟုတ် လစာ "ကြိုထုတ်မှုများ" အတွက် ၎င်းတို့၏ သဘော်ပိုင်ရှင်များထံ ပိုက်ဆံများ အကြွေးတင်နေကြသည်။

## 99.4 %

### တရားမဝင်သော ငွေပေးချေမှုပုံစံများ

တံငါသည်များအား ထိုင်းဥပဒေနှင့်အညီ ဘဏ်ငွေလွှဲမှုဖြင့် လစဉ်မပေးချေကြပါ။

## 70.4 %

### မလုံလောက်မှုမရှိ၍ မရယူနိုင်သော ရှေးဦးသူနာပြုကိရိယာ

တံငါသည်များအတွက် သဘော်ပေါ်၌ အပြည့်အဝ ဖြည့်စွက်ထားသည့် အလွယ်တကူ ရယူနိုင်သော FAK များ မရှိပါ။

## 99.5 %

### မလုံလောက်သော အနားယူချိန်များ

တံငါသည်များသည် ဆိုးရွားသော အခြေအနေများတွင် အလုပ်လုပ်ကြရပြီး တရားဝင်နားချိန်ပမာဏ ရရှိသူဟူ၍ မရှိသလောက် ရှားပါးသည်။

## 72.9 %

### ရေမလုံလောက်မှု

တံငါသည်များသည် သဘော်ပေါ်တွင် သောက်ရေသန့် လုံလောက်စွာ မရရှိကြပါ။

## 98.3 %

### တံငါသည်များက PIPO အပေါ် မယုံကြည်မှု

PIPO အနေဖြင့် ပြဿနာများကို ရှာဖွေဖော်ထုတ်ပြီး ဖြေရှင်းသည်ဟု တံငါသည်များက မယုံကြည်ကြပါ။

# စာရွက်စာတမ်းထိန်းသိမ်းထားမှု



**တံငါသည် 83% သည် ကပ္ပတိန် သို့မဟုတ် သင်္ဘောပိုင်ရှင်က ၎င်းတို့၏ စာရွက်စာတမ်းကို ထိန်းသိမ်းထားကြောင်း တိုင်ကြားလေသည် - ဤသည်မှာ ILO အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုကို ညွှန်ပြနေသည်**

စစ်တမ်းတွေ့ရှိချက်များအရ တံငါသည် 83.6% တွင် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး စာရွက်စာတမ်းများ (နိုင်ငံကူးလက်မှတ်များ၊ အလုပ်ပါမစ်များ၊ အထောက်အထားပြ လက်မှတ်များ၊ အလုပ်စာချုပ်များ၊ ဘဏ်ကတ်များနှင့် ဘဏ်စာအုပ်များ) ကို သင်္ဘောကပ္ပတိန် သို့မဟုတ် ပိုင်ရှင်က ထိန်းသိမ်းရယူထားကြောင်း ညွှန်ပြနေသည်။ ယေဘုယျအားဖြင့် သင်္ဘောပေါ်ရှိ လုပ်သားများ၏ စာရွက်စာတမ်းအားလုံးကို အလုပ်ရှင်က ကုန်းပေါ်တွင် ထိန်းသိမ်းထားရှိကာ သို့မဟုတ် ကပ္ပတိန်၏အခန်းတွင် သော့ခတ်သိမ်းထားကာ PIPO စစ်ဆေးရေးကာလအတွင်းသာ ၎င်းတို့၏ စာရွက်စာတမ်းများကိုသာ ကိုင်ဆောင်ခွင့်ရှိကြောင်း တံငါသည်များက အစီရင်ခံတင်ပြထားသည် — ထိုကာလတွင် စစ်ဆေးရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် စာရွက်စာတမ်းများကို ယာယီပြန်ပေးပြီးနောက် စစ်ဆေးရေးပြီးဆုံးသောအခါ ပြန်လည်သိမ်းဆည်း၍ သော့ခတ်သိမ်းထားလေသည်။

တံငါသည်များကို ၎င်းတို့၏ လက်ရှိအလုပ်တွင် မြဲမြဲအောင် ချည်နှောင်၍ ၎င်းတို့ဆန္ဒအလျောက် အလုပ်ထွက်ခြင်း သို့မဟုတ် အခြားအလုပ်အကိုင်ရှာဖွေခြင်းမှ တားဆီးရန်အတွက် သင်္ဘောပိုင်ရှင်များက စာရွက်စာတမ်း ထိန်းသိမ်းထားခြင်းဖြစ်သည်။ တရားဥပဒေနှင့် ကျင့်ဝတ်စံနှုန်းများကို ချိုးဖောက်၍ သင်္ဘောပိုင်ရှင်အများစုသည် တံငါသည်များအနေဖြင့် ၎င်းတို့၏ စာရွက်စာတမ်းများကို ပြန်လည်မရယူမီတွင် တမင်လုပ်ကြံထားသည့် မတန်တဆ "အကြွေးများ" သို့မဟုတ် "စာရွက်စာတမ်း အခကြေးငွေများ" ကြေအောင် အလုပ်လုပ်ပေးရမည်ဟု ပြောဆိုသည်။ ပျောက်ဆုံးမှု၊ ခိုးယူခံရမှု သို့မဟုတ် ထိခိုက်ပျက်စီးမှုများ ဖြစ်လာနိုင်ခြင်းအပေါ် စိုးရိမ်စိတ်ဖြင့် "ဘေးကင်းအောင် ထိန်းသိမ်းပေးထားခြင်း“ ဖြစ်သည်ဟူသော အကြောင်းပြချက်ပေး၍ မကြာခဏဆိုသလို ဆင်ခြေပေးလေသည်။ သို့ရာတွင် အမှန်စင်စစ်တွင် ၎င်းသည် တံငါသည်များ၏ သွားရေးလာရေး၊ အလုပ်ရှင် ပြောင်းလဲနိုင်စွမ်း၊ အချိန်မှန် ငွေပေးချေမှုများ ရယူနိုင်စွမ်း၊ လစာဝင်ငွေများကို လွတ်လပ်စွာ လွှဲပြောင်းနိုင်စွမ်းနှင့် အလွဲသုံးစားလုပ်မှုအား တိုင်ကြားနိုင်စွမ်းတို့ကို ပြောင်ပြောင်တင်းတင်း ထိန်းချုပ်ရန်အတွက် အပေါ်ယံ အကြောင်းပြချက်ပေးခြင်းဖြစ်သည်။ ၎င်းသည် တံငါသည်များ၏ အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ပြီး ကြွေးမြီအနှောင်အဖွဲ့နှင့် အဓမ္မလုပ်အားပေးစေခိုင်းမှု အန္တရာယ်ကို မြင့်မားစေပါသည် — ယင်းသည် တံငါသည်အခွင့်အရေးများကို ကာကွယ်ရန် ရည်ရွယ်သည့် ဥပဒေများနှင့် မူဝါဒများကို ထိထိရောက်ရောက် ကြပ်မတ်ပြဋ္ဌာန်းရန် အရေးတကြီး လိုအပ်နေကြောင်း မီးမောင်းထိုးပြသပါသည်။


**83.6 %**
တံငါသည်များသည် ၎င်းတို့၏ အထောက်အထားပြ ကိုယ်ပိုင်စာရွက်စာတမ်းများ တစ်ခုမျှ မပိုင်ဆိုင်ကြချေ

**14.8 %**
တံငါသည်များသည် ၎င်းတို့၏ နိုင်ငံကူးလက်မှတ် (သို့) CI အား ပိုင်ဆိုင်သည်

**2.3 %**
တံငါသည်များသည် ၎င်းတို့အလုပ်စာချုပ်၏ မိတ္တူတစ်စောင်ကို ပိုင်ဆိုင်သည်

**1.3 %**
တံငါသည်များသည် ၎င်းတို့ကိုယ်ပိုင် ATM ကတ်ကို ပိုင်ဆိုင်သည်

## တံငါသည် အထောက်အထားပြ စာရွက်စာတမ်းများ ခွဲခြမ်းစိတ်ဖြာမှု




နောက်ထပ်မှတ်သားဖွယ်ရာတစ်ခုမှာ တံငါသည် 2.3% သာ ၎င်းတို့အလုပ်စာချုပ်၏ မိတ္တူတစ်စောင်ကို ရရှိကြောင်း ပြောခဲ့သည်။ ယင်းမှာ FRN ၏ 2021 ခုနှစ် စာချုပ်စစ်တမ်း အစီရင်ခံစာ တွင် အစီရင်ခံခဲ့သည့် 13% ထက်ပင် မြောက်မြားစွာ လျော့နည်းနေလေသည်။

# စာရွက်စာတမ်းထိန်းသိမ်းထားမှု

## ကူရာဘူရီ ဖြစ်ရပ်မှန် လေ့လာမှု—စာရွက်စာတမ်း ထိန်းသိမ်းထားမှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှု

2023 ခုနှစ်၊ အောက်တိုဘာလ - **FRN** ထံမှ အကူအညီတောင်းခံနေသော တံငါသည်တစ်ဦးသည် အချိန်မှန် ငွေပေးချေမှုနှင့်ပတ်သက်၍ ၎င်း၏ကပ္ပတိန်နှင့် အငြင်းပွားပြီးနောက် ကပ္ပတိန်က ခြိမ်းခြောက်ကာ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ကြောင်း တိုင်ကြားခဲ့သည်။ **FRN** သည် ထိုတံငါသည်အား ပုန်းအောင်းရန် ကူညီပေးခဲ့ပြီး အဖြစ်အပျက်အကြောင်းကို **PIPO**-ကူရာဘူရီထံသို့ ဖုန်းနှင့် အီးမေးလ်မှတဆင့် အကြောင်းကြားခဲ့သည်။ **PIPO** ရုံးသည် လုပ်ငန်းစဉ်တလျှောက်လုံး ထိရောက်သော ပြောဆိုဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိခဲ့ပြီး နောက်ဆုံးတွင် အဆိုပါတံငါသည်သည် ၎င်း၏ အထောက်အထားပြ စာရွက်စာတမ်းများကို ရရှိခဲ့ကာ အလုပ်အကိုင်သစ်ရှာဖွေရန်အတွက် ထိုအလုပ်ရှင်ထံမှ ထွက်ခွာနိုင်ခဲ့သည်။

သို့သော်လည်း **PIPO** သည် အလွတ်သဘော ကြေအေးမှုရယူရန်အတွက် တံငါသည်နှင့် ကပ္ပတိန် (အလွဲသုံးစားလုပ်သူ) အကြား မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ရန် ကနဦးတွင် စီစဉ်ခဲ့သဖြင့် ထိုလုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အဆိုပြုခဲ့သော ကြေအေးမှုသည် ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို လျစ်လျူရှုပြီး တံငါသည်အား ၎င်း၏စာရွက်စာတမ်းများရယူရန်အတွက် အတင်းအကျပ် ငွေပေးခိုင်းစေခဲ့သည်။ ကနဦးတွင် တံငါသည်သည် စာရွက်စာတမ်းဆိုင်ရာ "အခကြေးငွေများ" အတွက် သိရှိရသလောက် အကြွေး ဘတ် 18,000 (ကပ္ပတိန်တောင်းဆိုသည့် ဘတ် 28,000 မှ လျှော့ထားခြင်းဖြစ်သည်) ကို ပေးချေပြီးမှသာ သူ့စာရွက်စာတမ်းများ၏ မိတ္တူကို ပေးအပ်ခံရမည်ဖြစ်ပါသည်။ ထိုအခကြေးငွေများကို သက်သေပြရန် စာဖြင့်ရေးသားထားသော ငွေပြေစာဟူ၍လည်း မရှိချေ။

**FRN** မှ အားကြိုးမာန်တက် ကြိုးပမ်းပြီးနောက် တံငါသည်သည် ၎င်း၏ စာရွက်စာတမ်းများကို ဆက်စပ်ကုန်ကျစရိတ် ပေးစရာမလိုဘဲ လက်ဝယ်ပိုင်ဆိုင်ခွင့် ရရှိခဲ့သည်။



ဤအမှုကိစ္စသည် တံငါသည်အတွက် အောင်ပွဲတစ်ခုအဖြစ် အဆုံးသတ်ခဲ့သော်လည်း ၎င်းသည် ဤလုပ်ငန်းနယ်ပယ်တွင် အဖြစ်များသည့် ပြဿနာတစ်ရပ်ကို ပြသခဲ့ပါသည် - စာရွက်စာတမ်း အပိုင်သိမ်းမှုကို ကြွေးမြီအနှောင်အဖွဲ့တို့ဖြင့် တွဲဖက်ထားသော အလွဲသုံးစားလုပ်မှုသည် မကြာခဏ လျစ်လျူရှုခံရပြီး တစ်ခါတစ်ရံတွင် ၎င်းကို **PIPO** စီမံပေးသည့် အလွတ်သဘော ကြေအေးမှုများမှတစ်ဆင့် ဖြစ်စေပါသည်။

## ချုံဖွန် ဖြစ်ရပ်မှန် လေ့လာမှု—စာရွက်စာတမ်း ထိန်းသိမ်းထားမှုနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှု

2024 ခုနှစ်၊ ဇန်နဝါရီလ - **FRN** အဖွဲ့ဝင်တစ်ဦးသည် အချိန်မှန် လစာမရရှိသည့်အတွက် အလုပ်လုပ်ရန် ငြင်းဆိုသောကြောင့် ၎င်း၏ ကပ္ပတိန်က အခြားသင်္ဘောပါ လုပ်သားများရှေ့မှောက်တွင် ၎င်းအား သံပိုက်ဖြင့် ပြင်းထန်စွာရိုက်နှက်ခဲ့ကြောင်း တိုင်ကြားခဲ့ပါသည်။ တံငါသည်သည် ညှဉ်းပန်းနှိပ်စက်မှုနှင့် ၎င်း၏ အထောက်အထားပြ စာရွက်စာတမ်းများ၊ ဘဏ်စာအုပ်၊ အထောက်အထားပြ လက်မှတ်နှင့် **ATM** ကတ်တို့အား ထိန်းသိမ်းရယူထားမှုကို **PIPO** နှင့် အလုပ်အကိုင်ဌာနထံ တိုင်ကြားခဲ့သော်လည်း ၎င်း၏ သင်္ဘောပိုင်ရှင်က စာရွက်စာတမ်းများ ပြန်ပေးရန်နှင့် အလုပ်ရှင်ပြောင်း "ခွင့်" ပြုရန်အတွက် အကြွေးတင်နေသော စာရွက်စာတမ်းကြေး ဘတ် **30,000** (ဒေါ်လာ **$1,000** ခန့်) ပေးရန် လိုအပ်ကြောင်း ပြောဆိုခဲ့သည်။ အဆိုပါငါးဖမ်းသင်္ဘောသည် မကြာခဏ ဆိပ်ကမ်းဆိုက်သော်လည်း တာဝန်ရှိသူများအနေဖြင့် ထိုညှဉ်းပန်းနှိပ်စက်မှုအပေါ် စုံစမ်းမေးမြန်းခြင်း မရှိသလို သင်္ဘောပါ လုပ်သား သို့မဟုတ် သက်သေများထံ ဆက်သွယ်မေးမြန်းခြင်းလည်း မရှိခဲ့ပေ။

**FRN** ဝန်ထမ်းများသည် တံငါသည်နှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး ကပ္ပတိန် သို့မဟုတ် ခေါင်းဆောင်က သင်္ဘောပေါ်တွင်ဖြစ်စေ၊ ကမ်းပေါ်တွင်ဖြစ်စေ ၎င်းနှင့် အခြားသင်္ဘောပါ လုပ်သားများကို ကြိမ်ဖန်များစွာ ရိုက်နှက်ခဲ့ကြောင်း၊ သင်္ဘောပါ လုပ်သားများ၏ အထောက်အထားပြ စာရွက်နှင့် အလုပ်စာချုပ်အားလုံးကို ကပ္ပတိန်က ထိန်းသိမ်းရယူထားပြီး တံငါသည်များက ရယူခွင့်မရှိကြောင်း တရားဝင်ထုတ်ပြောခဲ့သည်။ တံငါသည်များသည် လစာကို ငွေသားဖြင့်သာ အမြဲလက်ခံရရှိပြီး ၎င်းတို့၏ အလုပ်ရှင်က လုပ်ပေးထားသည့် ဘဏ်အကောင့် သို့မဟုတ် **ATM** ကတ်များကို သုံးစွဲခွင့်မရှိကြောင်း ၎င်းက ပြောဆိုခဲ့သည်။

**FRN** ဝန်ထမ်းများသည် ဤကိစ္စနှင့်ပတ်သက်၍ သိရှိထားသော ချုံဖွန်ရှိ **PIPO** အရာရှိများ (တံငါသည်မှ ညှဉ်းပန်းနှိပ်စက်မှုကို စတင်တိုင်ကြားသောအခါ အချို့အရာရှိသည် ဘေးတွင် ရှိနေသည်) ထံ အစီရင်ခံတင်ပြခဲ့သည်။ သို့သော် တရားဝင်အမှုကိစ္စဖိုင်ကို ပြင်ဆင်ခဲ့ခြင်းမရှိဘဲ ကပ္ပတိန်နှင့် တံငါသည်ကြား အလွတ်သဘော ဆွေးနွေးမှုကို ပြုလုပ်ပေးရန် ၎င်းတို့အနေဖြင့် အကြံပြုခဲ့သည်။



ဤကဲ့သို့ အငြင်းပွားမှုကို "ကြေအေး" အောင် ကြိုးစားရန်အတွက် တံငါသည်များကို အစွပ်စွဲခံ ညှဉ်းပန်းနှိပ်စက်သူနှင့် မျက်နှာချင်းဆိုင် ပေးတွေ့မှုကို ပထမအဆင့်အနေဖြင့် ပြုလုပ်ရန် အကြံပြုခြင်းသည် ညှဉ်းပန်းနှိပ်စက်မှုကို တိုင်ကြားသည့် တံငါသည်များအတွက် ခြိမ်းခြောက်ဖွယ်ရာရောက်၍ ထိပ်တိုက်ရင်ဆိုင်ရမည့် အခြေအနေများကို ဖန်တီးပေးလိုသည့် **PIPO** အဖွဲ့များ၏ သဘောထားကို မီးမောင်းထိုးပြ နေလေသည်။ **FRN** အနေဖြင့် ဤလုပ်ရပ်သည် လက်ခံနိုင်ဖွယ်မရှိဟု အခိုင်အမာပြောဆိုခဲ့ပြီး အငြင်းပွားမှုကို သင့်လျော်စွာ စုံစမ်းစစ်ဆေးနိုင်မည့် အချိန်အထိ ၎င်း၏ စာရွက်စာတမ်းများကို ထိန်းသိမ်းကာကွယ်ပေးရန် **PIPO** မှ ကြားဝင်ဆောင်ရွက်ပေးဖို့ တောင်းဆိုခဲ့သည်။ သင်္ဘောပိုင်ရှင်အား **PIPO** အဖွဲ့မှ ဆင့်ခေါ် ခဲ့ပြီး စာရွက်စာတမ်းများအားလုံးကို ရုံးသို့ ပို့ဆောင်စေခဲ့ကာ နောက်ဆုံးတွင် တံငါသည်ထံ ဘေးကင်းစွာ ပြန်လည် ပေးပို့ခဲ့သည်။
အလုပ်သမားအလွဲသုံးစားလုပ်မှုအတွက် စွဲချက်မတင်ရန် သဘောတူညီမှုအတွက် "အလဲအလှယ်" အနေဖြင့် ထိုင်းဘတ် 30,000 "အကြွေး" မှ ကင်းလွတ်စေခဲ့ပြီး သင်္ဘောပိုင်ရှင်က ထိုတံငါသည်အား အခြားအလုပ်ရှင်ထံသို့ လွှဲပြောင်းပေးရန် သဘောတူခဲ့သည်။

# များပြားသော ကြွေးမြီအနှောင်အဖွဲ့

**ထိုင်းနိုင်ငံရှိ တံငါသည် 90% ခန့်သည် ၎င်းတို့၏ အလုပ်ရှင်များထံ ကြွေးမြီများတင်နေပြီး အကြွေးကျွန်ဖြစ်ရန် အန္တရာယ်အလွန်များနေလေသည် - ဤသည်မှာ ILO အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုကို ညွှန်ပြနေသည်**



စစ်တမ်းကောက်ယူခဲ့သည့် တံငါသည်များ၏ 87% သည် စာရွက်စာတမ်း "အခကြေးငွေ" နှင့် လစာ "ကြိုထုတ်ငွေ" အတွက် ၎င်းတို့၏ အလုပ်ရှင်ထံ အကြွေးတင်နေကြောင်း အစီရင်ခံခဲ့သည်။ အများစု (68.6%) သည် ထိုင်းဘတ် 10,000 မှ 30,000 အထိ (ဒေါ်လာ $280 မှ $900 အထိ) အကြွေးတင်နေကြောင်း အစီရင်ခံခဲ့ပါသည်။ ထိုင်းနိုင်ငံရှိ တံငါသည် အလုပ်စာချုပ်များသည် တစ်လလျှင် ပျမ်းမျှ ထိုင်းဘတ် 9,000 မှ 10,000 အထိ(ဒေါ်လာ $250 မှ $280 အထိ) လစာ ပေးသောကြောင့် ထိုမတန်တဆများပြားသော ပမာဏကို သင့်တင့်သော အချိန်ကာလတစ်ခုအတွင်း "ပြန်ဆပ်ရန်" အလွန်ခက်ခဲစေပါသည်။


ဤပြဿနာများကို ပိုဆိုးစေသည်မှာ လုပ်ငန်းနယ်ပယ်အနှံ့ ပွင့်လင်းမြင်သာမှု ကင်းမဲ့နေခြင်းဖြစ်ပါသည်၊ တံငါသည်များ၏ 63.3% သည် အလုပ်မစမီ ၎င်းတို့၏ စာရွက်စာတမ်း ကုန်ကျစရိတ် သို့မဟုတ် "အခကြေးငွေ" အကြောင်း မသိရှိသလို အံ့ဖွယ် 94.1% သည် အဆိုပါ "အခကြေးငွေ" တွက်ချက်ပုံအား အသေးစိတ်ဖော်ပြသည့် ပြေစာများကို လက်ခံရရှိခြင်းမရှိကြောင်း အစီရင်ခံတင်ပြပါသည်။ ဤစစ်တမ်းတွေ့ရှိချက်များအရ တံငါသည်များကို ထိန်းချုပ်ရန်အတွက် သင်္ဘောပိုင်ရှင်များနှင့် ကပ္ပတိန်များက ကြွေးမြီနှင့် လှည့်ဖြားသည့် အလေ့အထများသည် အကျယ်တဝန်း ကျန်ရှိနေဆဲဖြစ်ကြောင်း သိရပါသည်။ PIPO စစ်ဆေးရေးနှင့် တွေ့ဆုံမေးမြန်းမှုများသည် ဤအကျယ်တဝန်းဖြစ်နေသော ပြဿနာကို ဖော်ထုတ်သင့်သော်လည်း တွေ့ဆုံမေးမြန်းမှုများ လုပ်ခဲ့သည်ဆိုလျှင်ပင် ၎င်းတို့သည် အပေါ်ယံအဆင့်သာရှိပြီး ဖြစ်ရပ်များစွာတွင် တံငါသည်များသည် ၎င်းတို့၏အခွင့်အရေးများကို ချိုးဖောက်ခံနေရသည်ကိုပင် သတိမထားမိကြချေ။

**87%**
တံငါသည်များသည် စာရွက်စာတမ်းကြေးများနှင့် လစာကြိုထုတ်ငွေများ အတွက် ၎င်းတို့၏ သင်္ဘောပိုင်ရှင်ထံ အကြွေးတင်နေသည်။

**94.1%**
တံငါသည်များသည် စာရွက်စာတမ်းကြေးများ အတွက် ပြေစာများ မရရှိချေ။

**63.3%**
တံငါသည်များသည် အလုပ်လုပ်ရန် သင်္ဘောမတက်မီ စာရွက်စာတမ်းကြေးများ အကြောင်း မသိရှိချေ။

**စာရွက်စာတမ်း "အခကြေးငွေများ" နှင့် "လစာကြိုထုတ်ငွေများ" အတွက် ကြွေးမြီ**




FISHERS RIGHTS NETWORK

# အလုပ်ရှင်ပြောင်းရန်အတွက် လိုအပ်သည့်အရာများသည် မျက်မှောက်ခတ် “ကျွန်ရောင်းဝယ်မှု”ကို တရားဝင်စေခြင်း

### ထိုင်းနိုင်ငံရှိ တံငါသည် 90% ခန့်သည် ၎င်းတို့၏ အလုပ်ရှင်အပေါ် အကြွေးတင်နေသည်

တံငါသည် 87% ကျော်သည် ၎င်းတို့အလုပ်ရှင်ထံ အကြွေးတင်နေပြီး 83.6% သည် ၎င်းတို့၏ အထောက်အထားပြ စာရွက်စာတမ်းများကို လွတ်လပ်စွာ ရယူခွင့်မရသောကြောင့် ထိုင်းငါးဖမ်းလုပ်ငန်းနယ်ပယ်သည် ကြွေးမြီအချုပ်အနှောင်နှင့် အဓမ္မလုပ်အားပေးစေခိုင်းမှုများ အတွက် အဓိကနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ တံငါသည်များစွာအတွက် ၎င်းတို့၏ သဘော်ပိုင်ရှင်ထံ တင်နေသော အကြွေးကို အဘယ်အခါမျှ ဆပ်နိုင်မည် မဟုတ်သောကြောင့် ရာသက်ပန် အကြွေးအချုပ်အနှောင်ထဲတွင် ရောက်နေတော့သည်။ တံငါသည်များအနေဖြင့် အလွဲသုံးစားလုပ်သော လုပ်ငန်းခွင်အခြေအနေသို့ ရောက်နေပါက ထိုင်းဥပဒေသည် လက်ရှိအလုပ်ရှင်၏ ခွင့်ပြုချက်နှင့် လက်မှတ် မပါရှိဘဲ လွတ်လပ်စွာ အလုပ်ရှင်ပြောင်းရန် မဖြစ်နိုင်လုနီးပါး ဖြစ်စေသောကြောင့် အခြေအနေသည် ပို၍ပင် ဆိုးလာလေသည်။

နိုင်ငံခြားသားများ အလုပ်စီမံခန့်ခွဲရေး အရေးပေါ်အမိန့် B.E 2560 (2017) ၏ ပုဒ်မ 51 အရ ရွှေ့ပြောင်းလုပ်သားများသည် ဤအခြေအနေများတွင် အလုပ်ရှင်ပြောင်းပိုင်ခွင့်ရှိပါသည် - 1) အလုပ်ရှင်သည် သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ အလုပ်ထုတ်လိုက်သောအခါ၊ 2) အလုပ်ရှင်သည် စီးပွားရေးလုပ်ငန်းကို ဆက်လက်မလည်ပတ်နိုင်တော့သောအခါ သို့မဟုတ် 3) အလုပ်ရှင်က အလုပ်စာချုပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဥပဒေချိုးဖောက်ခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားအနေဖြင့် အလုပ်ထွက်လိုက်သောအခါတွင် ဖြစ်သည်။ 2018 ခုနှစ်၊ မတ်လ 24 ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အဆိုပါ မူဝါဒအား ပြန်လည်ပြင်ဆင်ချက်တွင် အမိန့် (နံပါတ် 2) မှ ပုဒ်မ 51 အား ထုတ်ပယ်ခဲ့သောကြောင့် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်ရှင်ပြောင်းလိုပါက မိမိအလုပ်ရှင်ဘက်က မှားယွင်းကြောင်း သက်သေပြရန်၊ ထိုသို့မဟုတ်ပါက အလုပ်ရှင်ထံ နစ်နာကြေးပေးရန် ဝန်ထုပ်ဝန်ပိုးရှိစေပြီး အလုပ်ရှင်ပြောင်းမှုကို ပိုမိုခက်ခဲစေပါသည်။

ရွှေ့ပြောင်းတံငါသည်များအတွက် အလုပ်ရှင်ပြောင်းရန် တရားဝင်လုပ်ငန်းစဉ်သည် ခက်ခဲလှပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် များသောအားဖြင့် ညှဉ်းပန်းနှိပ်စက်သူဖြစ်သည့် သဘော်ပိုင်ရှင်၏ လက်မှတ်ကို လိုအပ်စေသောကြောင့်ဖြစ်သည်။ သဘော်ပိုင်ရှင်၏ နှိပ်စက်မှုကြောင့် အလုပ်ရှင်ပြောင်းလိုခြင်းဖြစ်ရာ တံငါသည်အား ထိုသို့ အလုပ်မှ “လွှတ်” ပေးရန်အတွက် အဆိုပါပိုင်ရှင်အား တရားဝင်ဖောင်ပုံစံများ (แบบ บต. ๕๓) တွင် “လက်မှတ်ထိုး” ပေးရန် လိုအပ်စေခြင်းသည် ယုတ္တိမရှိလှပေ။

တံငါသည်သည် ညှဉ်းပန်းနှိပ်စက်ခံနေရပါက သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော အလုပ်အကိုင် အခြေအနေများနှင့် ရင်ဆိုင်နေရပါက အလုပ်ရှင် သို့မဟုတ် ကပ္ပတိန်ထံ စကားမပြောနိုင်သည်အထိ အလွန်ကြောက်ရွံ့နေနိုင်ပြီး ၎င်းအား အလုပ်မှ "လွှတ်ပေးရန်" တောင်းဆိုပါကလည်း သဘော်ပိုင်ရှင်သည် လွှတ်ပေးရန် ငြင်းဆိုနိုင်သလို ၎င်း၏ အထောက်အထားပြ စာရွက်စာတမ်းများကို သိမ်းဆည်းကာ ထိုတံငါသည်တွင် "စာရွက်စာတမ်းကြေး" အတွက် အကြွေးများ အလွန်အကျွံရှိကြောင်း ပြောဆိုနိုင်ပါသည်။

ထိုအခါ သီအိုရီအရ တံငါသည်များသည် PIPO စင်တာထံမှ အကူအညီများ တောင်းခံနိုင်ပါသည်။ အဆိုပါအခြေအနေများတွင် PIPO အရာရှိများသည် ပုံမှန်အားဖြင့် သဘော်ပိုင်ရှင်အား အသေးစိတ်မေးမြန်းရန် တိုက်ရိုက်ဖုန်းခေါ်ဆိုပါသည် သို့မဟုတ် တံငါသည်နှင့် ဆွေးနွေးရန်အတွက် ရုံးသို့လာရောက်ပေးရန် တောင်းဆိုပါသည်။ ယင်းသည် ထိတ်လန့်ဖွယ် အခြေအနေတစ်ခုကို တွန်းပို့ပေးသလိုဖြစ်နေပါသည်။ တံငါသည်တွင် “အကြွေး” ကျန်နေပါက PIPO သည် “အကြွေး” နှင့် တံငါသည်ကို အလုပ်ရှင်အသစ်ထံ လွှဲပြောင်းပေးရန် လက်ရှိအလုပ်ရှင်နှင့် အနာဂတ် အလုပ်ရှင်ကြား အလွတ်သဘော ညှိနှိုင်းမှုပြုလုပ်ဖို့ ကြိုးပမ်းနိုင်ပါသည်။ အချို့သောအခြေအနေများတွင် တံငါသည်များအား အကြွေးပြန်မဆပ်နိုင်မီအထိ ၎င်းတို့၏ အထောက်အထားပြ စာရွက်စာတမ်းများကို အလုပ်ရှင်မှ ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ပြောဆိုခြင်းဖြင့် အဆုံးသတ်သွားသော အလွတ်သဘောဆွေးနွေးမှုများကို PIPO အနေဖြင့် ကြီးကြပ်ပေးခဲ့ကြောင်းကို FRN က တွေ့ရှိထားသည်။

ဤစနစ်သည် မျက်မှောက်ခေတ် “ကျွန်ရောင်းဝယ်မှု” နှင့် အနှစ်သာရအားဖြင့် တူညီနေပါသည်၊ အကြောင်းမှာ အာဏာပိုင်များနှင့် ပေါင်းစည်းထားသော အလုပ်ရှင်တွင် တံငါသည်အနေဖြင့် အလုပ်ထွက်လိုပါက “အကြွေး” အရင် ဆပ်ရမည်ဖြစ်ကြောင်း သို့မဟုတ် အလုပ်ရှင်အသစ်အနေဖြင့် ထိုတံငါသည်၏ “အကြွေး” ကို “ဝယ်ယူ” ရန် သဘောတူရမည်ဖြစ်ကြောင်း အကြောင်းပြကာ တံငါသည်၏ အလုပ်ထွက်မှုကို လက်မှတ်ထိုးပေးရန် ငြင်းဆိုနိုင်သည့် ဥပဒေအာဏာရှိနေခြင်းဖြစ်သည်။ ယင်းသည် တံငါသည်နှင့် ၎င်း၏ “အကြွေး” ကို တစ်နေရာမှ နောက်တစ်နေရာသို့ လွှဲပြောင်းသည့် အဆုံးမရှိသော သံသရာတွင် ကျင်လည်နေစေသည်။ ဤခေတ်ဟောင်း ဥပဒေဖွဲ့စည်းပုံအောက်ရှိ စနစ်ကို အလုပ်သမားများအား ဖိနှိပ်ရန်နှင့် အလုပ်ရှင်များထံတွင် အပြည့်အဝ အာဏာရှိကြောင်း သေချာစေရန် ရေးဆွဲထားသောကြောင့် တံငါသည်များ၏ လွတ်လပ်စွာ အလုပ်ရှင်ပြောင်းပိုင်ခွင့်များကို လွန်စွာထိခိုက်စေပါသည်။

# တရားမဝင်သောငွေပေးချေမှုပုံစံများ


## တံငါသည်အားလုံးနီးပါးအား ထိုင်းဥပဒေ၏ လိုအပ်ချက်အရ ဘဏ်ငွေလွှဲမှုဖြင့် လစဉ် သို့မဟုတ် ပုံမှန် ပေးဆောင်ခြင်းမရှိချေ - ဤသည်မှာ ILO အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုကို ညွှန်ပြနေသည်



တံငါသည် 99.4% သည် လစဉ် လုပ်ခမရရှိကြဘဲ 98.3% သည် ၎င်းတို့ကိုယ်ပိုင် ဘဏ်အကောင့်များနှင့် ATM ကတ်များကို ထိန်းချုပ်နိုင်စွမ်းမရှိဘဲ အများအားဖြင့် ထိုင်းဥပဒေအရ တရားမဝင်သည့် ငွေသားဖြင့် လုပ်ခပေးချေမှုကို လက်ခံရကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ သင်္ဘောပိုင်ရှင်များအနေဖြင့် အလုပ်ခန့်အပ်သောအခါ ပုံမှန်လုပ်ဆောင်ပေးသည့်အရာများတွင် တံငါသည်များအတွက် ဘဏ်အကောင့်ဖွင့်ပေးခြင်း ပါဝင်ပါသည်၊ ထို့နောက်အလုပ်ရှင်များသည် ဘဏ်စာအုပ်များနှင့် ATM ကတ်များကို လက်ဝယ်သိမ်းဆည်းကာ တစ်ခါတစ်ရံတွင် သင်္ဘောပါ လုပ်သားအားလုံးအတွက် တူညီသော ATM ကတ် PIN နံပါတ်ကို အသုံးပြုလေသည်။

အကောင့်များကို ဤကဲ့သို့ ထိန်းချုပ်ထားခြင်းဖြင့် အလုပ်ရှင်များသည် စာဖြင့်ရေးသားထားသော အလုပ်စာချုပ်ပါ သဘောတူလစာကို စိတ်ကြိုက်လွှဲပြောင်းခွင့်ပေးကာ PIPO ငွေပေးချေမှု စစ်ဆေးရေးလိုအပ်ချက်များနှင့် ကိုက်ညီစေရန် လုပ်ကြံထားသည့် စာရွက်စာတမ်းများကို ဖန်တီးနိုင်စေပါသည်။ ထို့နောက် သင်္ဘောပိုင်ရှင်များသည် ယုံချင်စရာမရှိသည့် စာရွက်စာတမ်း “အခကြေးငွေ” နှင့် လစာ “ကြိုထုတ်ငွေများ” စိုက်ပေးသည့်ပုံစံဖြင့် ငွေများထုတ်ယူ၍ တရားမဝင် လုပ်ခနုတ်ယူကာ တံငါသည်များအား သုံးလ၊ ခြောက်လ သို့မဟုတ် 12 လ တစ်ကြိမ် သင်္ဘောမှူး သို့မဟုတ် မန်နေဂျာမှတစ်ဆင့် ငွေသားဖြင့် လုပ်ခပေးလေသည်။ ထို့အပြင် သင်္ဘောမှူးများနှင့် မန်နေဂျာများသည် တံငါသည်တစ်ဦးစီက ရရှိမည့် လုပ်ခပမာဏကို သတ်မှတ်ရာတွင် မျက်နှာလိုက်လေ့ရှိပြီး လစာခေါင်းပုံဖြတ်မှုကို လုပ်ဆောင်နိုင်ပါသည်။ ပိုင်ရှင်များသည် ငွေပေးချေမှုများ၊ လစာကြိုထုတ်ငွေများ သို့မဟုတ် စာရွက်စာတမ်း “အခကြေးငွေများ” အတွက် ပြေစာများ ပေးသည်မှာ အလွန်ရှားပါးသောကြောင့် အဆိုပါ အကျယ်တဝံ့ ကျင့်သုံးနေသော လုပ်ငန်းနယ်ပယ်တစ်ခွင်ရှိ အလေ့အကျင့်များသည် တံငါသည်များအနေဖြင့် လုပ်ခရရှိမှုဆိုင်ရာ မကျေနပ်ချက်များ သို့မဟုတ် တရားဝင်တိုင်ကြားချက်များ တင်သွင်းရန် ကြိုးပမ်းရာတွင် အလွန်ခက်ခဲစေပါသည်။

## ငွေပေးချေမှုပုံစံများ




*မှတ်ချက် - လစဉ် ငွေသားဖြင့် လုပ်ခရကြောင်း တိုင်ကြားသည့် တံငါသည်များစွာသည် ၎င်းတို့၏ လစာအပြည့်အဝကို မရရှိကြောင်း၊ ရှင်းလင်းမှုမရှိသည့် လစာဖြတ်ခြင်းများကို တွေ့ကြုံရကြောင်းနှင့် အချိန်မှန် လစာမရကြောင်း ထပ်မံပြောဆိုခဲ့သည်။

**99.4 %**

တံငါသည်များအား ထိုင်းဥပဒေနှင့်အညီ ဘဏ်ငွေလွှဲမှုဖြင့် လစာပေးခြင်းမရှိပါ။

**98.3 %**

တံငါသည်များသည် ၎င်းတို့ကိုယ်ပိုင် ဘဏ်စာအုပ်များနှင့် ATM ကတ်များကို ထိန်းချုပ်ခွင့် မရှိကြောင်း ဖော်ပြခဲ့သည်။

**42.8 %**

တံငါသည်များအား လစဉ် ငွေသားဖြင့် လုပ်ခပေးချေပါသည်။

**18.5 %**


တံငါသည်များအား နားလည်ရခက်ခဲ၍ အကြွေးများစွာတင်နိုင်ခြေကို မြင့်မားစေသည့် ရှေ့ဆိုင်း၍ ငွေပေးချေသော ပုံစံများကို အသုံးပြု၍ လုပ်ခပေးချေပါသည်။

# တရားမဝင်သော ငွေပေးချေမှုပုံစံများ

များလှစွာသော ဗမာတံငါသည်များသည် လုပ်ခရ နောက်ကျကြောင်းနှင့် ၎င်းတို့၏ အလုပ်စာချုပ်တွင် သဘောတူထားသည့် လုပ်ခပမာဏများ မရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။



## တံငါသည်များ လစာ အချိန်မှန် ရရှိ၊ မရရှိမှု









## ဗမာတံငါသည် အခြေအနေ


ရနောင်းနှင့် ကူရာဘူရီတွင် စစ်တမ်းဖြေဆိုခဲ့သော ဗမာတံငါသည်အများစု (87.7%) သည် လစာငွေပေးချေမှု နှောင့်နှေးခြင်းများနှင့် ၎င်းတို့၏ အလုပ်စာချုပ်များတွင် ဖော်ပြထားသည့် လစာပမာဏကို မရရှိခြင်းများကို ဖော်ပြခဲ့သည်။ ထို့အပြင် ၎င်းတို့သည် မသမာသော ငွေပေးချေမှုပုံစံများ၊ ငွေပေးချေချိန် တစ်သမတ်တည်းမရှိမှုများနှင့် ၎င်းတို့၏အလုပ်ရှင်မှ တင်ပြသော စာရွက်စာတမ်း "အခကြေးငွေများ" သို့မဟုတ် "လစာကြိုထုတ်ငွေများ" ကို စစ်ဆေးအတည်ပြုရန် အခိကခက်ခဲမှုများကိုလည်း ဖော်ပြခဲ့ပါသည်။ ဤတွေ့ရှိချက်များသည် တံငါသည်များအတွက် အလုပ်အခြေအနေများကို တိုးတက်စေရာတွင် PIPO စစ်ဆေးရေးများ၏ ထိရောက်မှုနည်းပါးပုံကို အလေးပေးဖော်ထုတ်ခဲ့သည့် FRN ၏ 2023 ခုနှစ်၊ ဒီဇင်ဘာလထုတ် အစီရင်ခံစာ "ထိုင်းနိုင်ငံ ဆိပ်ကမ်း အဝင်အထွက် (PIPO) စစ်ဆေးရေးများနှင့် ILO သည် တံငါသည်များအပေါ် တာဝန်မကျေပွန်မှု၊ ပင်လယ်စာ ထောက်ပံ့ရေးကွင်းဆက် အန္တရာယ်ရှိနေမှု" နှင့် ကိုက်ညီပါသည်။

## တံငါသည်များအနေဖြင့် စာချုပ်ပါ လုပ်ခအတိုင်း ရရှိ၊ မရရှိမှု









# ရှေးဦးသူနာပြုကိရိယာများ မလုံလောက်ခြင်း၊ မရယူနိုင်ခြင်း

## တံငါသည် 70% ကျော်တွင် အပြည့်အဝရှိသော သို့မဟုတ် အလွယ်တကူ ရယူနိုင်သော ရှေးဦးသူနာပြုကိရိယာ မရှိချေ။

C188 နှင့် ထိုင်းဥပဒေအရ ဆေးဝါးနှင့် ရှေးဦးသူနာပြုပစ္စည်းများဖြင့် အပြည့်အဝဖြည့်တင်းထားသော ရှေးဦးသူနာပြု ကိရိယာတစ်ခုကို သင်္ဘောတိုင်းတွင် မဖြစ်မနေထားရှိရန် လိုအပ်ပါသည်။ ကိရိယာထဲတွင် ပစ္စည်းအပြည့်အဝရှိစေရန်နှင့် တံငါသည်များထံမှ ငွေမတောင်းခံဘဲ ကိရိယာကို ပြန်လည်ဖြည့်တင်းကြောင်း သေချာစေရန်မှာ သင်္ဘောပိုင်ရှင်၏ တာဝန်ဖြစ်ပါသည်။ စစ်တမ်းဖြေဆိုခဲ့သည့် တံငါသည် 59.2% သာ ၎င်းတို့၏သင်္ဘောပေါ်တွင် ရှေးဦးသူနာပြု ကိရိယာ သို့မဟုတ် ဆေးဝါးတစ်ခုခု ပါရှိကြောင်း ဖော်ပြခဲ့သည်။ တံငါသည် 40.9% က ၎င်းတို့၏ ရှေးဦးသူနာပြုကိရိယာကို ကပ္ပတိန်အခန်းတွင် သိမ်းဆည်းထားကြောင်း ဖြေဆိုခဲ့ပြီး တံငါသည် 32.9% က ၎င်းတို့ကိုယ်ပိုင်ဆေးဝါးများဝယ်ယူ၍ သင်္ဘောပေါ်ယူလာရကြောင်း ဖြေဆိုခဲ့သည်။

### FRN၊ PIPO၊ ငါးဖမ်းလုပ်ငန်းအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် ကျန်းမာရေးနှင့် ဘေးကင်းရေးကို တိုးတက်စေသည်

ထရက်နှင့် ဆောင်ခလာရှိ PIPO စင်တာများအပြင် ဆောင်ခလာ ငါးဖမ်းလုပ်ငန်းအသင်းသည် FRN က စီစဉ်သော ရှေးဦးသူနာပြုကိရိယာ အသုံးပြုပုံ သင်တန်းများနှင့် ဖြန့်ဖြူးခြင်းတို့မှတစ်ဆင့် ငါးဖမ်းသင်္ဘောပေါ် ရှိ ကျန်းမာရေးနှင့် ဘေးကင်းရေးစံနှုန်းများ တိုးတက်လာအောင် လုပ်ဆောင်မှုတွင် ပူးပေါင်းဆောင်ရွက်ရန် လိုလားမှုရှိကြပါသည်။ ရနောင်းနှင့် ကူရာဘူရီရှိ PIPO နှင့် ငါးဖမ်းလုပ်ငန်းအသင်းများမှာမူ ပူးပေါင်းဆောင်ရွက်မှုကို လိုလားခြင်းမရှိဘဲ အဆိုပါနေရာများတွင် ကြိုးပမ်းအားထုတ်မှုများသည် သင်္ဘောများပေါ် ရှိ ရှေးဦးသူနာပြု ကိရိယာအရေအတွက်နှင့် စံနှုန်းအပေါ် တိုက်ရိုက်သက်ရောက်မှုရှိကြောင်း တွေ့ရှိချက်များက ဖော်ပြပါသည်။ PIPO နှင့် ငါးဖမ်းလုပ်ငန်းအသင်းများနှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့၏ 2023 ခုနှစ်၊ ဒီဇင်ဘာလထုတ် အစီရင်ခံစာတွင် တွေ့ရှိနိုင်ပါသည်။

### သင်္ဘောပေါ်တွင် ရှေးဦးသူနာပြုကိရိယာ သို့မဟုတ် ဆေးဝါးများ မရှိခြင်း

| ရနောင်း | ကူရာဘူရီ | ထရက်နှင့် ဆောင်ခလာ |
|---|---|---|
| 36% | 12% | < 1% |

### တံငါသည်များ ကိုယ်တိုင် ဆေးဝယ်ရခြင်း

| ရနောင်း | ကူရာဘူရီ | ထရက်နှင့် ဆောင်ခလာ |
|---|---|---|
| 57% | 89% | < 1% |

**70.4 %**
တံငါသည်များသည် လွတ်လပ်စွာ ရယူနိုင်သော FAK အပြည့်အဝကို သင်္ဘောပေါ်တွင် မရရှိချေ

**40.9 %**
တံငါသည်များသည် FAK အား ကပ္ပတိန်အခန်းတွင် သိမ်းထားကြောင်း ဖြေဆိုခဲ့သည်

**79.7 %**
ထရက်ရှိ သင်္ဘောများပေါ်တွင် လွယ်ကူစွာ ရယူနိုင်သော FAK အပြည့်အဝ ရှိသည်

**32.9 %**
တံငါသည်များသည် ကိုယ်တိုင် ဆေးဝယ်၍ သင်္ဘောပေါ်ယူလာရသည်

# ညှို့ဖျင်းသောလုပ်ငန်းခွင်အခြေအနေများ




## တံငါသည်များသည် အန္တရာယ်များ၍ လူသားမဆန်သည့် အခြေအနေများတွင် လုပ်ကိုင်ကြရပြီး အားလုံးနီးပါးသည် တရားဝင်ပေးအပ်ထားသည့် နားချိန်ပမာဏကို မရရှိကြချေ။


စစ်တမ်းတွေ့ရှိချက်များအရ အံ့ဖွယ် တံငါသည် 99.5% သည် ပင်လယ်ပြင်တွင် နေ့စဉ် 14 နာရီ သို့မဟုတ် ထိုထက်ပို၍ အလုပ်လုပ်ကြောင်း ပြသနေလေသည်။ ထိုင်းဥပဒေအတွင်းသို့ ထည့်သွင်းခဲ့သည့် C188 သည် အနားယူချိန်များအတွက် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုကို ချမှတ်ထားသော်လည်း တံငါသည်များသည် အနားယူချိန်၊ အချိန်ပိုဆင်းချိန်၊ အိပ်ချိန် သို့မဟုတ် ခေတ္တနားချိန်များကို စိုးမိုးသည့် စည်းမျဉ်းများ ကင်းမဲ့နေကြောင်း အသိအမှတ်ပြုပါသည်။ ဥပဒေအရ 24 နာရီတိုင်း 10 နာရီထက်မနည်းသော အနားယူချိန်နှင့် 7 ရက်တာကာလအတွင်း 77 နာရီထက် မနည်းသော အနားယူချိန်ကို ပေးအပ်ရန် သတ်မှတ်ထားပါသည်။ သင်္ဘောများအနေဖြင့် သင်္ဘောပါလုပ်သားများ၏ အလုပ်ချိန်မှတ်တမ်းစာအုပ်များကို ထိန်းသိမ်းရန် လိုအပ်သော်လည်း တရားဝင်သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် ၎င်းတို့ကို အလွယ်တကူ လိမ်လည်ထည့်သွင်းနိုင်ပါသည်။

ရွှေ့ပြောင်းတံငါသည်အများအပြားသည် ၎င်းတို့၏ အလုပ်သမားဆိုင်ရာ အခွင့်အရေးများကို မသိရှိကြဘဲ အနားယူချိန်အနည်းငယ်ဖြင့် အချိန်ကြာမြင့်စွာ အလုပ်လုပ်ရခြင်းသည် ပုံမှန်ဖြစ်၍ အလုပ်သမား အလွဲသုံးစားပြုခြင်းမဟုတ်ဟု ယူဆနိုင်ပါသည်။ အလားတူပင် ကိုယ်ထိလက်ရောက်ကျူးလွန်မှု သို့မဟုတ် နှုတ်ဖြင့်ဆဲဆိုအနိုင်ကျင့်မှု ပုံစံများစွာကို တံငါသည်များက တိုင်ကြားခြင်းမရှိချေ သို့မဟုတ် PIPO အဖွဲ့များက စုံစမ်းစစ်ဆေးခြင်းမရှိချေ။

**99.5 %**

### ပင်လယ်ပြင်တွင် နားချိန် အလုံအလောက်မရှိခြင်း







**45.2 %**

### ကိုယ်ထိလက်ရောက်ကျူးလွန်မှု/နှုတ်ဖြင့်ဆဲဆိုအနိုင်ကျင့်မှုကို ခံရခြင်း သို့မဟုတ် တွေ့မြင်ခြင်း





# ညံ့ဖျင်းသော လုပ်ငန်းခွင် အခြေအနေများ




## တံငါသည် 70% ကျော်သည် သင်္ဘောပေါ်တွင် သောက်ရေသန့် အလုံအလောက်မရရှိချေ။

ထိုင်းဥပဒေအရ "အလုပ်ရှင်များအနေဖြင့် သင်္ဘောပေါ်တွင် နေထိုင်၍ လုပ်ကိုင်နေသည့် တံငါသည်များအတွက် လုံလောက်၍ သန့်ရှင်းသော သောက်ရေကို ပေးဆောင်ရန် " လိုအပ်ပါသည်။ သို့သော်လည်း တံငါသည် 72.9% သည် သောက်ရေသန့် လုံလောက်စွာ မရရှိကြကြောင်း တင်ပြကြပြီး ရေကြောင်းမထွက်မီ သောက်ရေကို ကိုယ်တိုင်ဝယ်ယူ၍ သင်္ဘောပေါ်ယူဆောင်လာရကြောင်း ဆိုသည်။ PIPO စစ်ဆေးရေးများသည် သင်္ဘောများ ဆိုက်ကပ်သည့်အခါ အစားအစာနှင့် သောက်ရေ ပေးအပ်မှုကို ထိရောက်စွာ သုံးသပ်မှု မပြုမချင်း အလုပ်ရှင်များသည် ၎င်းတို့၏ သင်္ဘောပါလုပ်သားများအတွက် လုံလောက်သော အစားအစာနှင့် သောက်ရေ ပေးဆောင်ရန် တာဝန်ဝတ္တရားကို ဆက်လက် ရှောင်ရှားနေမည်ဖြစ်ပါသည်။ တံငါသည်များသည် တစ်နေ့လျှင် သန့်ရှင်းသော သောက်သုံးရေ 3 လီတာနှင့် အာဟာရမျှတသော အစားအစာ 250 ဂရမ်ကို ခံစားပိုင်ခွင့်ရှိပါသည်။ တံငါသည်များအား မသန့်ရှင်းသောရေကို သောက်သုံးရန် သို့မဟုတ် သင်္ဘောပေါ်တွင်ရှိစဉ် ဖမ်းမိသောငါးများကိုသာ စားခိုင်းရန် အဓမ္မစေခိုင်းခြင်းသည် လူ့အခွင့်အရေး၊ ပင်မအလုပ်သမားစံနှုန်းများနှင့် C188 ကို ချိုးဖောက်ခြင်းဖြစ်ပါသည်။

**72.9%** သင်္ဘောပေါ်တွင် သောက်ရေသန့် လုံလောက်စွာမရှိမှု







## အစားအစာနှင့် သောက်ရေဆိုင်ရာ စံသတ်မှတ်ချက်များ



တံငါသည်တစ်ဦးအတွက် တစ်နေ့လျှင် အနည်းဆုံး ရေ 3 လီတာ



တံငါသည်တစ်ဦးအတွက် တစ်နေ့လျှင် အနည်းဆုံး အစားအစာ 250 ဂရမ်

# တံငါသည်များက PIPO အပေါ် မယုံကြည်ခြင်း



## တံငါသည်အားလုံးနီးပါးသည် ပြဿနာများ ဖြေရှင်းရန် သို့မဟုတ် တံငါသည် အခွင့်အရေးများကို ကာကွယ်ပေးရန် PIPO အပေါ် မယုံကြည်ကြချေ။

တံငါသည်အများစုသည် ဥပဒေချိုးဖောက်မှုများကို ဖြေရှင်းပေးမည့် သို့မဟုတ် ဥပဒေချိုးဖောက်သော သင်္ဘောပိုင်ရှင်များကို ထိရောက်စွာ အရေးယူပေးမည့် လုပ်ငန်းစဉ်အပေါ် မယုံကြည်ကြသည့်အချက်ကို ထောက်ထား၍ PIPO စစ်ဆေးရေးစနစ်တွင် ကြီးမားသော ပြဿနာများ ရှိနေကြောင်း ထင်ရှားပါသည်။ တံငါသည်များသည် များသောအားဖြင့် ၎င်းတို့ နားမလည်သော ဘာသာစကားဖြင့် ပြုလုပ်သော၊ တိုင်ကြားလိုသည့် အလွဲသုံးစားပြုမှု သို့မဟုတ် ဥပဒေချိုးဖောက်မှုအား ကျူးလွန်သူဖြစ်ကောင်းဖြစ်နိုင်သည့် ၎င်းတို့၏ ကပ္ပတိန် သို့မဟုတ် သင်္ဘောပိုင်ရှင်ရှေ့မှောက်တွင် ပြုလုပ်သောနှင့် အတိတ်တွင် တိုင်ကြားခဲ့သည့် ချိုးဖောက်မှုများအတွက် ထိရောက်သော ဖြေရှင်းနည်းကို မပြသနိုင်ခဲ့သော စစ်ဆေးရေး လုပ်ငန်းစဉ်အပေါ် ထိတ်လန့်နေကြပါသည်။ ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် ချိုးဖောက်မှုများကို တိုင်ကြားရန်အတွက် လုံခြုံသော နေရာတစ်ခုနှင့် တရားမဝင်သော ပြုမူဆက်ဆံပုံကို အပြစ်ပေးရန်၊ ချိုးဖောက်မှုများကို ဖြေရှင်းပေးရန်နှင့် ဆက်လက်လုပ်ဆောင်နေသော ဆိုးရွားသည့် အမူအကျင့်များကို ဟန့်တားရန် ရှင်းလင်းသော အရေးယူမှုများမရှိပါက အဆိုပါစနစ်သည် ငါးဖမ်းလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်အခြေအနေများကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရာတွင် ထိရောက်မှုမရှိ ဆက်ဖြစ်နေပေမည်။ ထိုင်းနိုင်ငံသည် ILO C188 ကို အတည်ပြုပြဋ္ဌာန်းခဲ့သော်လည်း သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် သို့မဟုတ် ကြပ်မတ်ရန် ပျက်ကွက်ခဲ့သောကြောင့် ရွှေ့ပြောင်းတံငါသည်များအတွက် စံသတ်မှတ်ချက်ထက် နိမ့်ကျသော နေထိုင်မှုပုံစံနှင့် လုပ်ငန်းခွင်အခြေအနေများကို တိုးတက်မှုမရှိ ဖြစ်စေပါသည်။

**98.3 %**
တံငါသည်များသည် PIPO စစ်ဆေးသူများက တံငါသည်ဆိုင်ရာ ပြဿနာများကို ဖော်ထုတ်၍ ဖြေရှင်းပေးသည်ဟု မယုံကြည်ကြချေ။

PIPO စစ်ဆေးသူများသည် တံငါသည်ဆိုင်ရာ ပြဿနာများကို ဖော်ထုတ်၍ ဖြေရှင်းပေးသည်။ **FALSE**

PIPO စစ်ဆေးရေးများသည် တစ်သီးပုဂ္ဂလဖြစ်၍ လျှို့ဝှက်မှုရှိသည်။ **FALSE**

သင်္ဘောပိုင်ရှင် သို့မဟုတ် ကပ္ပတိန်က အနီးနားတွင် ရှိနေ၍ ဖြစ်ရပ်များ တိုင်ကြားရန် မလုံခြုံပေ။ **TRUE**

တံငါသည်များသည် ထိုင်းအရာရှိများအပေါ် မယုံကြည်ကြသောကြောင့် ချိုးဖောက်မှုများကို မတိုင်ကြားကြချေ။ **TRUE**

**92.6 %**
တံငါသည်များသည် PIPO တွေ့ဆုံမေးမြန်းမှုများက လုံခြုံသည်ဟု မထင်ကြချေ။

**68.0 %**
တံငါသည်များသည် စစ်ဆေးရေးအတွင်း သင်္ဘောပိုင်ရှင် သို့မဟုတ် ကပ္ပတိန်က အနီးနားတွင် ရှိနေကြောင်း ပြောကြသည်။

**51.1 %**
တံငါသည်များသည် ထိုင်းအရာရှိများအပေါ် မယုံကြည်ကြသောကြောင့် ချိုးဖောက်မှုများကို မတိုင်ကြားကြချေ။

# အကြံပြုချက်များ

ဤစစ်တမ်းရလဒ်များသည် ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းနယ်ပယ်တစ်လျှောက်တွင် ပျံ့နှံ့နေသည့် အန္တရာယ်များ၍ လူသားမဆန်သည့်အခြေအနေများနှင့် ILO C188 စံနှုန်းများအား ညံ့ဖျင်းစွာ ကြပ်မတ်မှုတို့ကို မီးမောင်းထိုးပြပါသည်။ ထိုင်းနိုင်ငံသည် တံငါသည်များအတွက် အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်တွင် ပေးအပ်ထားသည့် နိုင်ငံတကာ ကတိကဝတ်များအားလုံးကို တည်သင့်ပြီး အလုပ်သမား အကာအကွယ်များကို လျော့ပါးလာစေမည့် သို့မဟုတ် ငါးဖမ်းစည်းမျဉ်းများကို ယခင်ကကဲ့သို့ ဆုတ်ယုတ်လာစေမည့် ထိုင်းနိုင်ငံ၏ အမျိုးသား ငါးဖမ်းလုပ်ငန်းအဖွဲ့ (National Fisheries Association of Thailand, NFAT) မှ အဆိုပြုတင်သွင်းထားသော ပြုပြင်ပြောင်းလဲမှုများကို လက်ခံစဉ်းစားပေးခြင်းတို့မှ ရပ်တန့်သင့်ပါသည်။ C188 အား ထိရောက်စွာ အကောင်အထည်ဖော်မှုနှင့် ကြပ်မတ်မှု မရှိခြင်းသည် ထိုင်းနိုင်ငံရှိ တံငါသည်များ၏ သက်သာချောင်ချိရေးကို ထိခိုက်စေရုံသာမက ထိုင်းပင်လယ်စာ တင်ပို့မှုလုပ်ငန်းအတွက်လည်း ကြီးမားသော အန္တရာယ်ရှိစေပါသည်။ လက်ရှိစည်းမျဉ်းများကို လျော့ပါးစေရန်နှင့် C188 စံနှုန်းများနှင့်ကိုက်ညီအောင် လုပ်ဆောင်ရာတွင် ထိုင်းနိုင်ငံ၏ ပြစ်ချက်များကို လျစ်လျူရှုရန် ကြိုးပမ်းခြင်းသည် ထိုင်းနိုင်ငံမှထွက်ရှိသော ပင်လယ်စာထုတ်ကုန်များအပေါ် ယုံကြည်မှုကို ဆက်လက်၍ သိသိသာသာ ကျဆင်းစေမည်ဖြစ်ပါသည်။

## FRN သည် ထိုင်းအစိုးရအား အောက်ပါတို့ကို လုပ်ဆောင်ရန် တောင်းဆိုလိုက်သည် -

1. ILO C188 ပါ ပြဋ္ဌာန်းချက်များအားလုံးကို ထိုင်းငါးဖမ်းလုပ်ငန်းနယ်ပယ်တစ်ခုလုံးအနှံ့ ထိရောက်စွာနှင့် တစ်သမတ်တည်းရှိစွာ ကြပ်မတ်ရန်၊ ငါးဖမ်းလုပ်ငန်းနယ်ပယ်ရှိ လက်ရှိတားမြစ်ချက်များနှင့် စည်းမျဉ်းများအား ယခင်ကကဲ့သို့ ဆုတ်ယုတ်လာစေခြင်းအား ရပ်တန့်ရန်နှင့် ဥပဒေချိုးဖောက်သော သင်္ဘောပိုင်ရှင်များအတွက် အရေးယူမှုစာရင်းကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြရန်၊

2. အလုပ်သမားသမဂ္ဂများနှင့် အလုပ်သမားအဖွဲ့အစည်းများအား PIPO စစ်ဆေးရေးများကို စောင့်ကြည့်လေ့လာခွင့်ပေးခြင်း၊ သက်ဆိုင်ရာ အစိုးရအေဂျင်စီဝန်ထမ်းများနှင့် ပူးပေါင်းကာ သတင်းအချက်အလက်မျှဝေခြင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းဖြင့် တစ်နိုင်ငံလုံးရှိ ငါးဖမ်းဆိပ်ကမ်းများအားလုံးတွင် တံငါသည်များအား အကာအကွယ်ပေးရေးကို အားကောင်းလာစေရန်၊

3. အလုပ်သမားသမဂ္ဂများ၏ ထင်မြင်ချက်များနှင့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပေးသော စစ်ဆေးသူများအတွက် ထပ်ဆောင်းသင်တန်းများ ပေးအပ်ခြင်းဖြင့် PIPO စစ်ဆေးရေးများကို တိုးတက်စေရန်၊

4. တံငါသည်နှင့် တွေ့ဆုံမေးမြန်းမှုများကို လုံခြုံ၍ အကာအကွယ်ရှိသော တည်နေရာ/ပတ်ဝန်းကျင်တွင် လုပ်ဆောင်ရန်အတွက် PIPO စစ်ဆေးရေးနေရာတိုင်းတွင် လွတ်လပ်စွာကျွမ်းကျင်၍ ကောင်းမွန်စွာ လေ့ကျင့်ထားသော ဘာသာပြန်များရှိကြောင်း သေချာစေရန်၊

5. ထိုင်းနိုင်ငံအား ကမ္ဘာလုံးဆိုင်ရာ ပင်လယ်စာ ထောက်ပံ့ရေးကွင်းဆက်တွင် ခေါင်းဆောင်တစ်ဦးဖြစ်လာစေရန်အတွက် စစ်ဆေးရေးရလဒ်များနှင့် C188 တိုင်းတာမှုစံနှုန်းများအတွက် တစ်သမတ်တည်းရှိ၍ ယုံကြည်စိတ်ချရကာ ပွင့်လင်းမြင်သာမှုရှိသော အချက်အလက်များကို ပေးအပ်ရန်။

# နောက်ဆက်တွဲ -စစ်တမ်းမေးခွန်းများ

**စစ်တမ်းများအား မေးခွန်း 16 ခု (အဖြေ ရွေးချယ်မှု၊ ဟုတ်/မဟုတ် ရွေးမှုနှင့် ကွက်လပ်ဖြည့်မေးခွန်း) ဖြင့် ဖွဲ့စည်းထား ပါသည်။ ပျမ်းမျှစစ်တမ်း ကြာချိန်မှာ 5 မိနစ်မှ 10 မိနစ်ကြား ဖြစ်ပါသည်။**

- သင့်အလုပ်တည်နေရာက ဘယ်မှာလဲ။
- တံငါသည်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ။
- သင့်သင်္ဘောနာမည် ဒါမှမဟုတ် နံပါတ်က ဘာလဲ။
- သင့်စာရွက်စာတမ်းတွေ သင့်လက်ထဲမှာရှိပါသလား။ / သင့်စာရွက်စာတမ်းတွေကို သင်လက်ဝယ်ရယူထားပါသလား။ (ရယူထားပါက ဘယ်စာရွက်စာတမ်းတွေ ရယူထားပါသလဲ။)
- စာရွက်စာတမ်းကြေး ဒါမှမဟုတ် လစာကြိုထုတ်ငွေအတွက် သင်္ဘောပိုင်ရှင်ထံ အကြွေးဘယ်လောက်တင်နေပါသလဲ။
- ဒီသင်္ဘောပိုင်ရှင်ဆီမှာ လုပ်ဖို့ သဘောမတူခင် စာရွက်စာတမ်းကြေးအကြောင်းကို သိပါသလား။
- သင့်စာရွက်စာတမ်းကြေးတွေ အမှန်စင်စစ် ဘယ်လောက်ကျလဲဆိုတာ ပြသတဲ့ စာရွက်စာတမ်းတစ်ခုခု သင့်မှာရှိပါသလား။
- အလုပ်စာချုပ်မှာ သဘောတူထားတဲ့ ပမာဏအတိုင်း လုပ်ခရပါသလား။
- အချိန်မှန် လုပ်ခရပါသလား။
- သင့်ကို လစာဘယ်လိုပေးပါသလဲ။ (လိုအပ်ပါက လစာပေးချေမှုပုံစံကို ရှင်းပြပေးပါ)
- ပင်လယ်ပြင်မှာ သောက်ဖို့ သင့်အတွက် သောက်ရေသန့်အလုံအလောက်ကို သင့်သင်္ဘောက ပေးပါသလား။
- ပင်လယ်ပြင်မှာ စားဖို့ သင့်အတွက် သင်္ဘောပေါ်မှာ အစားအစာ အလုံအလောက်ရှိပါသလား။
- သင့်သင်္ဘောပေါ်မှာ ခွင့်ပြုချက်တောင်းစရာမလိုဘဲ သင်ရယူသုံးစွဲနိုင်တဲ့ ရှေးဦးသူနာပြုကိရိယာ အပြည့်အဝရှိပါသလား။
- တစ်နေ့ကို ဘယ်နှနာရီ အိပ်ရသလဲ ဒါမှမဟုတ် အနားယူရသလဲ။
- သင့်ကပ္ပတိန်၊ သင်္ဘောမှူး (ခေါင်းဆောင်) ဒါမှမဟုတ် သင်္ဘောပိုင်ရှင်က တခြားသူကို ရိုက်နှက်တာ ဒါမှမဟုတ် သင့်ကို ရိုက်နှက်တာမျိုး ကြုံဖူးပါသလား။
- PIPO စစ်ဆေးရေး အတွေ့အကြုံတွေ ဘယ်လိုရှိလဲ။


# နောက်ဆက်တွဲ - ရှေးဦးသူနာပြုကိရိယာ အခြေအနေ - တည်နေရာအလိုက်

| FAK အခြေအနေများ | ဆောင်ခလာ | ထရက် | ရနောင်း | ကူရာဘူရီ | အခြား တည်နေရာများ |
|---|---|---|---|---|---|
| **တံငါသည်အရေအတွက်** | **115** | **295** | **246** | **211** | **220** |
| **သူမတူသော အဖြေများ*** | **115** | **425** | **386** | **398** | **254** |
| **သင်္ဘောပေါ်တွင် အလွယ်တကူရယူနိုင်သော FAK အပြည့်အဝ ရှိပါသည်** | **23.5%** | **79.7%**** | **8.9%** | **3.8%** | **13.6%** |
| **သင်္ဘောပေါ်တွင် FAK မရှိပါ** | **0.9%** | **0%** | **36.2%** | **12.8%** | **3.6%** |
| **FAK ရှိပါသည်၊ သို့သော် အပြည့်အဝ (သို့) ပြန်လည်ဖြည့်တင်းထားခြင်းမရှိပါ** | **48.7%** | **14.2%** | **29.3%** | **9.0%** | **60.5%** |
| **FAK အား ကပ္ပတိန်အခန်းတွင် ထားရှိသည်** | **26.1%** | **49.5%** | **23.6%** | **73.5%** | **25.5%** |
| **ကပ္ပတိန်/ပိုင်ရှင်သည် တံငါသည်များထံမှ ဆေးဖိုးကောက်သည်** | **0%** | **0.3%** | **1.2%** | **0.5%** | **0.5%** |
| **တံငါသည်များသည် ကိုယ်တိုင်ဆေးဝယ်၍ သင်္ဘောပေါ် ယူလာသည်** | **0.9%** | **0.3%** | **57.7%** | **89.1%** | **11.8%** |

*တံငါသည်များအား ၎င်းတို့၏ အခြေအနေနှင့်ကိုက်ညီသည့် အဖြေအားလုံးကို ရွေးချယ်ရန် တောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် အချို့သော တံငါသည်များသည် တစ်ခုထက်ပိုသော အဖြေများကို ရွေးချယ်ထားသဖြင့် တည်နေရာ ကော်လံတစ်ခုစီရှိ ရာခိုင်နှုန်းများအား ပေါင်းလိုက်ပါက 100% ရရှိမည်မဟုတ်ပါ၊ ထိုအစား ရာခိုင်နှုန်းတစ်ခုစီကို သတ်မှတ်ထားသည့် တည်နေရာရှိ တံငါသည်အရေအတွက် စုစုပေါင်းအပေါ် အခြေခံထားပါသည်။

**၎င်းတို့၏ သင်္ဘောပေါ်တွင် အရေအတွက် အပြည့်အဝ သိုလှောင်ထားသည့် လွယ်ကူစွာရယူနိုင်သော FAK ပါရှိကြောင်း ပြောဆိုခဲ့သည့် ထရက်ရှိ တံငါသည် 235 ဦးအနက် 129 ဦး (55%) သည် FAK ကို ကပ္ပတိန်၏အခန်းတွင် သိမ်းဆည်းထားကြောင်းကိုလည်း မှတ်ချက်ပေးထားပါသည်၊ ယင်းသည် ရယူသုံးစွဲမှုကို ကန့်သတ်ထားနိုင်ခြေရှိသည့် အရိပ်အယောင်ဖြစ်နိုင်ပါသည်။

# နောက်ဆက်တွဲ-ရှေးဦးသူနာပြုကိရိယာ အဖြေများ




**မှတ်ချက်များ -**

*တံငါသည်များအား ၎င်းတို့၏ အခြေအနေနှင့်ကိုက်ညီသည့် အဖြေအားလုံးကို ရွေးချယ်ရန် တောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် အချို့သော တံငါသည်များသည် တစ်ခုထက်ပိုသော အဖြေများကို ရွေးချယ်ထားသဖြင့် တည်နေရာ ကော်လံတစ်ခုစီရှိ ရာခိုင်နှုန်းများအား ပေါင်းလိုက်ပါက 100% ရရှိမည်မဟုတ်ပါ၊ ထိုအစား ရာခိုင်နှုန်းတစ်ခုစီကို သတ်မှတ်ထားသည့် တည်နေရာရှိ တံငါသည်အရေအတွက် စုစုပေါင်းအပေါ် အခြေခံထားပါသည်။

**၎င်းတို့၏ သင်္ဘောပေါ်တွင် အရေအတွက် အပြည့်အဝ သိုလှောင်ထားသည့် လွယ်ကူစွာရယူနိုင်သော FAK ပါရှိကြောင်း ပြောဆိုခဲ့သည့် ထရက်ရှိ တံငါသည် 235 ဦးအနက် 129 ဦး (55%) သည် FAK ကို ကပ္ပတိန်၏အခန်းတွင် သိမ်းဆည်းထားကြောင်းကိုလည်း မှတ်ချက်ပေးထားပါသည်၊ ယင်းသည် ရယူသုံးစွဲမှုကို ကန့်သတ်ထားနိုင်ခြေရှိသည့် အရိပ်အယောင်ဖြစ်နိုင်ပါသည်။

# တံငါသည်များအတွက် ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုရှိရေး

FISHERS RIGHTS NETWORK

itf

www.justiceforfishers.org